# ‘ကျွန်တော့်ကို သေနတ်နဲ့ လေးချက်ပစ်တယ်၊ နောက်ဆုံးအချက်မှာ မှန်တယ်၊ ခေါင်းကိုလျှပ်ထိတယ်၊ ကျွန်တော့်ကို ဝိုင်းရိုက်ကြတယ်’

# နမ့်ဖူရွာ ဥက္ကဋ္ဌ ဦးဖော်နှတ်ဒွတ်နဲ့ တွေ့ဆုံခြင်း

**ရန်ကုန်၊ နိုဝင်ဘာ ၁ –** မန်စီမြို့နယ်ထဲက ကျေးရွာတစ်ခုဖြစ်တဲ့ နမ့်ဖူရွာကို အစိုးရစစ်ကြောင်းတွေ ဝင်ရောက်ခဲ့ပြီး ရွာဥက္ကဋ္ဌဖြစ်သူကို မသင်္ကာမှုနဲ့ ဖမ်းဆီးနှိပ်စက်မေးမြန်းခဲ့ကြပါတယ်။ တစ်ပတ်အတွင်းမှာ အစိုးရစစ်ကြောင်း ဝင်ရောက်မှုကြောင့် မန်စီမြို့နယ်ထဲက ရွာ ၁၀ ရွာခန့်မှ ရွာသူရွာသားတွေ ထွက်ပြေးခဲ့ကြပြီး ဗန်းမော်မြို့ထဲက ဒုက္ခသည်စခန်းတွေနဲ့ မိုင်းခေါင်ကျေးရွာအတွင်းက ဘုရားကျောင်းတွေမှာ ခိုအောင်းနေရကြရပါတယ်။ အစိုးရ စစ်တပ်က သေနတ်နဲ့ ပစ်ခတ်ခဲ့လို့ ခေါင်းကို သေနတ်ကျည်ဆန် လျှပ်ထိခဲ့တဲ့ နမ့်ဖူရွာဥက္ကဋ္ဌ ဦးဖော်နှတ်ဒွတ်နဲ့ အေဒီ ၂၀၀၀ ဒုက္ခသည်စခန်းမှာ တွေ့ဆုံမေးမြန်း ဖြစ်ခဲ့ပါတယ်။

**ကုမုဒြာ။** ။ အစိုးရ စစ်ကြောင်းတွေ နမ့်ဖူရွာထဲ ဝင်လာတဲ့ပုံကို ပြောပြပေးပါလား။

**ဦးဖော်နှတ်ဒွတ်။** ။ သူတို့လာမှာကို ကျွန်တော်တို့ ကြားတယ်။ မိန်းကလေးတွေကို တခြားနေရာသွားနေဖို့ ပြောထားတယ်။ ကျွန်တော်တို့ ကျန်တဲ့လူကြီးတွေကတော့ ထွက်မပြေးဘဲ သူတို့လာရင်လည်း အေးအေးဆေးဆေးပဲ ပြောဆိုဆက်ဆံဖို့ ပြောထားတယ်။

နမ့်ဖူရွာကို စဝင်တာက ၂၃ ရက်နေ့ ညနေ ၃း၃၀ နာရီလောက်မှာ သူတို့ မုန်းဒိန်ပါလမ်းက ဝင်ခဲ့တယ်။ ရွာထဲဝင်ဝင်လာချင်း ကျွန်တော်နဲ့ စတွေ့တယ်။ ကျွန်တော့်ကို လက်မြှောက်၊ အိမ်ထဲကလူတွေ အကုန်ထွက်ဆိုပြီး သေနတ်တွေနဲ့ ချိန်ထားတယ်။ ကျွန်တော်က ဟုတ်ဟုတ် ထွက်မပြေးပါဘူးလို့ ပြန်ပြောတယ်။ ကျွန်တော့် အမျိုးသမီးရယ်၊ ယောက္ခမရယ် အိမ်ရှေ့မှာ ဒူးထောက်ထိုင်ရတယ်။ ကျွန်တော်တို့တင် မဟုတ်ဘူး၊ ကျွန်တော့် အိမ်ရှေ့က အမျိုးသမီးတစ်ဦးရယ်၊ လယ်ထဲက လူတချို့ရယ် အတူတူ ဒူးထောက်ရတယ်။ သေနတ်နဲ့ ပစ်မလို လုပ်တယ်။ နောက် မပစ်ဘူး။

ကျွန်တော်က စစ်ကြောင်းမှူးကို ပြောတယ်။ အဘ ကျွန်တော်က မိုင်းခေါင်ဥက္ကဋ္ဌပါလို့၊ ထွက်မပြေးပါဘူးလို့၊ ကျွန်တော်တို့ မိုင်းခေါင်ဘက်ကို အစည်းအဝေးခေါ်ရင် လာပါတယ်လို့ ပြောပြပါတယ်။

ကျွန်တော့်ရွာသားတွေရယ်၊ သူတို့ မုန်းဒိန်ပါ ဘက်က ခေါ်လာတဲ့ လူတွေရယ်၊ ကလေးတွေလည်း ပါတယ်။ ၁၀ နှစ်အရွယ် ပါထားတယ်။ သုံးနှစ်လောက် ကလေးတစ်ယောက် ပါသေးတယ်။ ကလေးအမေပါ ပါလာတယ်။ သည်ကလေးအမေနဲ့ ကလေးတွေကို ဘယ်လိုလုပ်မလဲ၊ အဘကျွန်တော့် အိမ်ထဲမှာ ခေါ်ပြီးထားရင် ဘယ်လိုလဲလို့ ပြောလိုက်တယ်။ မိုးက ချုပ်နေပြီ။ ကလေးတွေကလည်း ထမင်းဆာတယ်လို့ ကချင်စကားနဲ့ ပြောတော့ စစ်ကြောင်းမှူးတွေက နားမလည်ဘူးလေ။

ကျွန်တော်လည်း ထမင်းအိုးတွေ အကုန်မ, ခဲ့ပြီး ကားလမ်းပေါ်မှာပဲ သူတို့ ခေါ်လာတဲ့ သူတွေနဲ့ ရဲဘော်တွေကို အကုန်ခေါ်ပြီး ကျွေးခဲ့တာ။ ထမင်းက မလောက်ဘူး၊ လူကများနေတော့။ စစ်ကြောင်းမှူးက ဥက္ကဋ္ဌ တာဝန်ယူမယ်ဆိုရင် ရတယ်၊ တစ်ယောက်မှ ထွက်မပြေးခိုင်းနဲ့နော်ဆိုပြီး ပြောတယ်။ ကျွန်တော်က သူတို့ခေါ်လာတဲ့မုန်းဒိန်ပါက လူတွေကို အိမ်ထဲကိုခေါ်ပြီး အိမ်ထဲမှာပဲ သွားနေတယ်။ ကျွန်တော်တို့ အပေါ့အပါး သွားချင်ရင်လည်း ခွင့်တောင်း ရတယ်။ ကျွန်တော့် တံခါးပေါက်မှာ သူတို့ ကင်းချထားတယ်။ တစ်ယောက်ပြီးတစ်ယောက် အပေါ့သွားချင်ရင် အဘဆရာကြီးပြောပြီး ခွင့်တောင်းပြီး ထွက်ရတယ်။ စဝင်တည်းက အဲသည်လို လုပ်တယ်။

**ကုမုဒြာ။** ။ ဥက္ကဋ္ဌကို ဘာကြောင့် အစိုးရစစ်တပ်က ဖမ်းဆီးခဲ့တာလဲ။

**ဦးဖော်နှတ်ဒွတ်။** ။ ကျွန်တော့်ကို သူတို့က အကူအညီတောင်းတယ်။ ၂၄ ရက်နေ့ မနက်ပိုင်း ၇း၀၀ နာရီမှာတစ်ခါ ဈေးဝယ်ဖို့ အကူအညီ တောင်းတယ်။ ဗျူဟာမှူးရဲ့ ဘောင်းဘီရယ်၊ ဆေးလိပ်ရယ်ဝယ်ခိုင်းတယ်။ ကျွန်တော်တို့ သွားမယ်ဆိုတော့ မသွားနဲ့၊ အမျိုးသမီးနဲ့ လူတစ်ယောက်ယောက် သွားပါတဲ့။ ကျွန်တော်ကလည်း ရွာက လူတွေကို လွှတ်လိုက်တယ်။ ၈း၀၀ နာရီ အရောက်ပြန်လာပါ၊ ထွက်မပြေးနဲ့ဆိုပြီး ပြောလိုက်တယ်။ သူတို့နှစ်ယောက်လည်း မပြေးဘူး။ သူတို့လည်း ၉း၃၀ နာရီလောက် ပြန်လာတယ်။

ကျွန်တော့်ကိုထပ်ပြီး ၁၂း၀၀ နာရီမှာ အကူအညီ ထပ်တောင်းတယ်။ စစ်ကြောင်းမှူးက ပြောတယ်။ ကျွန်တော်ကလည်း ရပါတယ် ဝယ်ပေးမယ်၊ စာရင်းနဲ့ ရေးပေးမှ ဖြစ်မယ်၊ တော်ကြာကျန်နေဦးမယ်လို့ ပြောလိုက်သေးတယ်။ သူတို့က ဆန်လေးအိတ်နဲ့ အာပြဲခြောက်တို့ ဘာတို့ ဝယ်ခိုင်းတယ်။ ကျွန်တော်က အဲသည်ဘက်က လူစိမ်းတွေ ဝင်လို့မရဘူး၊ ကျွန်တော်ကိုယ်တိုင် သွားမှရမယ်လို့ ၊ ကျွန်တော့်ကိုဆိုရင် အဲသည်ဘက်က လူတွေသိတယ်။ အဲဒါနဲ့ စစ်ကြောင်းမှူးက ဒါဆို ဥက္ကဋ္ဌနဲ့ နှစ်ယောက်သွားလို့ ပြောတယ်။ ဆန်အိတ်တွေကို မိန်းကလေးတွေ မနိုင်ဘူးလေ။ လမ်းတွေကလည်း တအားဆိုးတာကိုး။ သူက ပိုက်ဆံ ၁၇၀,၀၀၀ ပေးတယ်။ အဲဒါကို မလောက်ရင် ဥက္ကဋ္ဌ စိုက်ခဲ့ပေးဦးလို့ ကျွန်တော့်ကိုပြောတယ်။ ဟုတ်ဟုတ်လို့ ကျွန်တော်ကပြောပြီး ကျွန်တော်ပိုင် ပိုက်ဆံ ၂၆,၀၀၀ လိုတဲ့အခါစိုက်ဖို့ ငွေ အိမ်ပေါ်တက်ယူတယ်။ ကျွန်တော့် အိမ်ထဲမှာလည်း စစ်ကြောင်း ဝင်လာကတည်းက ရွာသားတွေ အကုန်စုထားပေးတာ။

ကျွန်တော်ဈေးဝယ်ဖို့ထွက်လာတော့ ဆိုင်ကယ်မောင်းတာ နော်ဒင်၊ ကျွန်တော်က နောက်မှာ လိုက်တယ်။ ရွာဦးရောက်တော့ လက်ဝါးကပ်တိုင်ရောက်ခါနီး အဲသည်နားမှာ တစ်အိမ်ပဲ ရှိတော့တယ်။ အဲသည်နားမှာ ရဲဘော်တွေက တားထားတယ်။ ကျွန်တော့် အိမ်ကနေ ဗိုလ်ကြီးတစ်ယောက်လိုက်လာပြီး ကျွန်တော်တို့ကို ကြိုးနဲ့ချည်ခိုင်းတယ်။ နော်ဒင်ကိုလည်း တစ်နေရာမှာ ချည်ထားတယ်။ ကျွန်တော်လည်း ဖရိုဖရဲနဲ့ဘယ်ဘက်က အိမ်ထဲမှာ အခန်းထဲမှာ ချည်တုပ်ထားတယ်။ ကျွန်တော့်ကို ကြိုးနဲ့ချည်တာ နေ့လယ် ၁း၀၀ နာရီလောက်ရှိပြီ။ ရေလည်း မတိုက်ဘူး။ အပေါ့အပါးသွားဖို့ ရေသန့်တစ်ဘူးပဲ ပေးတယ်။ ခြေထောက်ကို ပေါင်မှာတစ်ခါ၊ ခြေမျက်စိမှာတစ်ခါ ကြိုးနဲ့ချည်တုပ်ထားတယ်။ ခြေထောက်ကို ခုံနဲ့တွဲချည်ထားတယ်။ လက်ကိုလည်း နောက်ပြန်ကြိုးတုပ်ထားတော့ ကျွန်တော်က ဘယ်လိုမှ အပေါ့အပါးသွားလို့ မရဘူး။

ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုဖြစ်သွားမှန်း မသိဘူး။ တစ်ညလုံး စဉ်းစားနေရင်း စိတ်က မထိန်းနိုင်တော့ဘူးလေ။ ကယောင်ချောက်ချား ဖြစ်သွားတယ်။ မနက် ၆း၀၀ နာရီလောက်မှာ ကြိုးဖြုတ်ပြီးမှ ထွက်ပြေးတာ။ ကျွန်တော် ထွက်ပြေးတာက မိုင်းခေါင်ဘက်ကို ထွက်မပြေးဘူး။ သူတို့ မြန်မာစစ်တပ် စစ်ကြောင်းမှူးက ရွာလယ်တည့်တည့်မှာ နေထားတာ။ ကျွန်တော် အဲသည်ဘက်ကို ပြေးတယ်။ သူတို့သတ်ရင် အဲသည်မှာပဲ သေရင်သေပေါ့၊



ခေါင်းကို သေနတ်လျှပ်ထိခဲ့တဲ့ နမ့်ဖူရွာဥက္ကဋ္ဌ ဦးဖော်နှတ်ဒွတ်။

ကျွန်တော့်ကို သေနတ်နဲ့လေးချက်ပစ်တယ်။ နောက်ဆုံးအချက်မှာ မှန်တယ်။ ခေါင်းကိုလျှပ်ထိတယ်။ ကျွန်တော့်ကို ဝိုင်းရိုက်ကြတယ်။ မသင်္ကာဘူး၊ တောင်တန်းက လူတွေ (ကေအိုင်အေ) နဲ့ အဆက်အသွယ်လုပ်တယ် ဘာညာနဲ့ ပြောတယ်။ သေနတ်ဒင်နဲ့ထုတယ်။ ဝိုင်းရိုက်ကြတယ်။ ကိုယ်တစ်ခြမ်းလုံးကိုလည်း ထုထားတာ။ ခြေထောက်တွေလည်း အကုန်လုံး (ခြေထောက်နှစ်ဖက်လုံး ဒဏ်ရာတွေနဲ့ ရောင်ကိုင်းနေ) သည်လိုဖြစ်သွားတယ်။ ပေါင်နှစ်ဖက်ကို ဝါးလုံးနဲ့ညှပ်၊ လူနှစ်ယောက် တက်နင်းတယ်။ ဝိုင်ယာကြိုးတွေကို ခေါက်ပြီး ကျစ်ပြီးရိုက်တယ်။ ကျောကုန်းမှာလည်း သေနတ်ဒင်နဲ့ ထုထားတဲ့ ဒဏ်ရာ သည်မှာပါ။ ကျွန်တော့်ဆီက လက်စွပ်တွေယူ၊ နာရီဖြုတ်ယူတယ်။ အဲသည်နေ့တစ်နေ့လုံး ရေလည်း မတိုက်ဘူး၊ ထမင်းလည်း မကျွေးဘူး။ သည်အတိုင်းဒဏ်ရာတွေနဲ့ချည်ထားတယ်။ ကျွန်တော်ကတော့ သတ်တော့မယ် ထင်နေတာပါ။

**ကုမုဒြာ။** ။ ဥက္ကဋ္ဌကိုဖမ်းထားပြီး ဘယ်အချိန်မှာပြန်လွှတ်သလဲ။

**ဦးဖော်နှတ်ဒွတ်။** ။ အဲသည်နေ့ည သန်းခေါင်ကြီးမှာ စစ်ကြောင်းမှူးကိုယ်တိုင်လာပြီး ကျွန်တော့်အိမ်လှေကားအရောက်ပို့တယ်။ နောက် သူတို့ဆေးမှူးနှစ်ယောက်ခေါ်ပြီး ဆေးကုတယ်။ နောက်မှသိရတာက မိုင်းခေါင်ဘက်က ကချင်ဘုန်းကြီးတွေ လူကြီးတွေ ကျွန်တော်တို့ကို ဖမ်းထားတဲ့အတွက် နောက်နေ့မနက်မှာလာဖို့ ခွင့်တောင်းထားတယ်။ ကျွန်တော်တို့ကို လာကယ်ထုတ်မယ်ဆိုတာကို သူတို့ရောက်လာမှာကို စစ်ကြောင်းမှူးက ကြိုသိနေတယ်။ ကျွန်တော့်ကို ဆေးကုသပေးနေတာကို ဓာတ်ပုံရိုက်တယ်။ ကျွန်တော့်ကို သူတို့နဲ့တွဲပြီး ဓာတ်ပုံရိုက်တယ်။ ဘယ်လိုသဘောလဲ ကျွန်တော် နားမလည်ဘူး။ သူတို့သဘောကတစ်မျိုးပဲ။

> “
> အရင်က စစ်ကြောင်းတွေ
> ဖြတ်တယ်။ ရွာတွေကို မဝင်ဘူး။
> ရွာသားတွေကို လာပြီး
> အရမ်းနှိပ်စက်တာမျိုး မရှိဘူး။
> တစ်ခါတလေ သူတို့လာရင်
> ရွာနံ့ဘေးက ဖြတ်သွားတယ်။
> ”

**ကုမုဒြာ။** ။ ဥက္ကဋ္ဌကို ဖမ်းဆီးထားတဲ့ အချိန်မှာ ရွာထဲကလူတွေအခြေအနေ ဘယ်လိုရှိပါသလဲ။

**ဦးဖော်နှတ်ဒွတ်။** ။ ကျွန်တော်တို့ရွာထဲက လူတွေက ထွက်မပြေးသေးဘူး။ စစ်ကြောင်းရောက်တဲ့နေ့ကနေ ကျွန်တော့်ကို ချည်တုပ်တဲ့ နေ့အထိ ထွက်မပြေးသေးဘူး။ စောင့်ကြည့်နေသေးတယ်။ တံခါးတွေ အကုန်ပိတ်ပြီး ကျွန်တော်တို့ ထွက်မပြေးနဲ့ပြောထားလို့ စောင့်နေသေးတယ်။ ကျွန်တော့်ကို ရိုက်တော့ စစ်ဆေးတော့ သူတို့ ပိုပြီးကြောက်လေ၊ နေရထိုင်ရတာ ပိုတင်းကျပ်လေပေါ့။

**ကုမုဒြာ။** ။ ကေအိုင်အေနဲ့ အဆက်အသွယ်ရှိတယ်လို့ ဦးဖော်နှတ်ဒွတ်ကို ဘာကြောင့် ထင်ကြတာလဲ။

**ဦးဖော်နှတ်ဒွတ်။** ။ ကျွန်တော်တို့က တောင်တန်းစစ်သား (ကေအိုင်အေ) တွေ အစည်းအဝေးခေါ်ရင်သွားတယ်။ ကျွန်တော်တစ်ယောက်တည်းသွားတာ မဟုတ်ဘူး။ ရွာထဲကလူကြီးတွေ အကုန်သွားကြတာ။ အဲသည်တော့ သူတို့က ကျွန်တော်တို့ကို ကေအိုင်အေကို သတင်းပို့တယ်၊ အဆက်အသွယ်ရှိတယ်လို့ ထင်လိုက်ကြတာပါ။ အဲသည်မှာ ကျွန်တော်ကထွက်ပြေးတော့ သူတို့စိတ်ထဲမှာ အပြစ်ရှိလို့ ထွက်ပြေးတယ်လို့ ထင်တယ်။

**ကုမုဒြာ။** ။ နမ့်ဖူးကျေးရွာထဲက အိမ်တွေ အခြေအနေကကော ဘယ်လိုကျန်ရစ်ခဲ့လဲ။

**ဦးဖော်နှတ်ဒွတ်။** ။ ကြက်တွေကတော့ စစ်တပ်က စစ်သားတွေစားလို့ ကုန်ပြီ။ တစ်အိမ်တက် တစ်အိမ်ဆင်း သူတို့ကြိုက်တာ အကုန်ယူတယ်။ ၂၅ ရက်နေ့မနက်မှာ KBC မိုင်းခေါင်က ဘုန်းတော်ကြီးတွေ၊ တာဝန်ရှိသူတွေ လာမယ်ဆိုလို့ ရွာထဲကနေ မနက်ပိုင်းစားသောက်ပြီး ထွက်သွားကြတယ်။ သူတို့ ရွာအပြင် ထွက်နေဖို့ အမိန့်ရထားတယ်ဆိုပြီး ထွက်သွားတယ်။ ကျွန်တော့်ကို ဆေးကုတဲ့ပုံလည်း ဓာတ်ပုံရိုက်ကြသေးတယ်။

**ကုမုဒြာ။** ။ ကချင်သင်းအုပ်ဆရာတွေ ရောက်ပြီးနောက် အခြေအနေတွေက ဘယ်လိုဆက်ဖြစ်မလဲ။

**ဦးဖော်နှတ်ဒွတ်။** ။ အဲသည်နေ့ ၁၀း၀၀ နာရီမှာ သင်းအုပ်ဆရာတွေ ရောက်လာတယ်။ အနီးအနားရွာက သင်းအုပ်ဆရာတွေလည်း ပါတယ်။ မန်စီအရာရှိတွေလည်း ပါတယ်။ ဆရာတို့ ရောက်တာနဲ့ ဘယ်လိုဖြစ်မလဲဆိုတာကို မသိဘူး။ သည်တော့ရွာသားတွေကို အကုန်ပြေးရအောင်၊ တစ်ယောက်မှ မနေနဲ့တော့လို့ပြောပြီး ပိုဆိုးခဲ့ရင် ခက်မယ်။ ကျွန်တော့်ကိုတောင် သည်လိုလုပ်ထားပြီပြီ။ ဘယ်လိုဆက်ဖြစ်မယ်မှန်း သိတာမဟုတ်ဘူးလေ။ ရွာသားတွေလည်း ပြေးရအောင်ဆိုတော့ အကုန်ထွက်ပြေးခဲ့ကြရတယ်။ ကျွန်တော်က တအား အသည်းအသန် ဒဏ်ရာတွေရထားတော့ ချက်ချင်းပဲ ဗန်းမော်ကို ပို့ခဲ့တယ်။

**ကုမုဒြာ။** ။ အစိုးရ စစ်ကြောင်းတွေ တကယ်လို့ ပြန်ဆုတ်သွားရင် အိမ်ကို ချက်ချင်း ပြန်မှာလား။

**ဦးဖော်နှတ်ဒွတ်။** ။ အခုလောလောဆယ် စစ်ကြောင်းတွေရှိနေတော့ မပြန်ရဲသေးဘူး။ ပြန်ရင်လည်းပဲ ခက်ဦးမှာ။ တော်ကြာ ပြန်သွားလို့ အိမ်နားမှာ ပြန်ဖြစ်ရင် ဒုက္ခသည်စခန်းကို ပြန်လာဖို့ရာ ခက်ပြီလေ။ ဒုက္ခသည်စခန်းကနေပြန်ရင် သည်ကနေ စာရင်းထုတ်လိုက်မှာလေ။

**ကုမုဒြာ။** ။ အရင်ကလည်း စစ်ကြောင်းတွေ ဝင်ခဲ့ဖူးတယ်။ သည်တစ်ခါကတော့ အဆိုးဆုံးဖြစ်တယ်လို့ ရွာသားတွေ က ပြောကြတယ်။ ဥက္ကဋ္ဌအနေနဲ့ကော ဘာများပြောချင်ပါသလဲ။

**ဦးဖော်နှတ်ဒွတ်။** ။ အရင်က စစ်ကြောင်းတွေ ဖြတ်တယ်။ ရွာတွေကို မဝင်ဘူး။ ရွာသားတွေကို လာပြီး အရမ်းနှိပ်စက်တာမျိုး မရှိဘူး။ တစ်ခါတလေ သူတို့လာရင် ရွာနံ့ဘေးက ဖြတ်သွားသွားတယ်။ အခု မိုင်းခေါင်မှာ စခန်းထိုင်နေတဲ့ တပ်တွေလည်း အရင်က သည်နားက ဖြတ်တယ်။ ဝက်သားစားသွားရင် စားသွားတယ်။ ဆန်ယူစားရင် ယူစားတယ်လို့ စာရေးထားခဲ့တယ်။ အခုတစ်ခါကတော့ ရွာအချို့မှာလည်း ဆက်တိုက်ပစ်တယ်။ လူတွေကို ဖမ်းတယ်၊ စစ်ဆေးတယ်၊ နှိပ်စက်တယ်။ ပုံစံမတူဘူးပေါ့။ ကျွန်တော့် အမျိုးသမီးဆိုရင် အဲသည်နေ့ည ကျွန်တော်တို့က ဟင်းမရှိလို့ ဆားဖြူးစားရတယ်။ ကျွန်တော့် အမျိုးသမီးက ငါတို့မှာတော့ ဆားဖြူးစားနေရတယ်၊ သူတို့ကတော့ ငါတို့ကြက်တွေကို တစ်ကောင်ပြီးတစ်ကောင် သတ်စားနေတယ်လို့ ပြောသေးတယ်။ ကျွန်တော့် ကြက်ငါးကောင် စားသွားတယ်။ ကျွန်တော့်ကို ဖမ်းချုပ်ခဲ့တဲ့ စစ်သားတွေ ကျွန်တော့် လက်စွပ်၊ နာရီနဲ့ ပိုက်ဆံ ၂၆,၀၀၀ ကိုလည်း ပြန်မပေးဘူး။

**ကုမုဒြာ။** ။ အခု ကျန်းမာရေးအခြေအနေကော ဘယ်လိုရှိလဲ။

**ဦးဖော်နှတ်ဒွတ်။** ။ အခု လောလောဆယ်တော့ ပြန်ကောင်းလာပြီ။ မျက်နှာအရမ်းရောင်နေတာ ကျသွားတယ်။ ခရိုင်ဘက်က ဆေးကုဖို့ ငွေလာပေးတယ်။ အခုထိတော့ လမ်းမလျှောက်နိုင်သေးဘူး။ ပေါင်ဘက်တစ်ခြမ်းက လှုပ်လို့ မဆင်မပြေဘူး။ တက်နင်းထားတော့ ကျွန်တော်က ရုန်းကန်ရင်းနဲ့ ပိုပြီးဆိုးသွားလား မသိဘူး။ လှုပ်လိုက်ရင် တအားနာသေးတယ်။ ထိုင်ရထရ ခက်တယ်။

**ကုမုဒြာ။** ။ အခုလို အချိန်ပေးဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**နန်းလှိုင်**